DENVER PUBLIC SCHOOLS
Discover a World of Opportunity™

# အကဲဖြတ်စစ်ဆေးမှုများနှင့်ပတ်သက်၍ မိဘများအတွက် လမ်းညွှန်
*၂၀၁၈ - ၁၉ ပညာသင်နှစ်*

## PAST (ပညာရေးဆိုင်ရာပင်ကိုစွမ်းရည်အားပဏာမစစ်ဆေးမှု)

ဆန်းစစ်အကဲဖြတ်မှုများသည် အတန်းအဆင့်နှင့် ကျောင်းသားကျောင်းသူများတွင်ရှိရမည့် ဗဟုသုတနှင့် အတတ်ပညာစံနှုန်းများကို အောင်မြင်နှံ့စပ်မှုရှိမရှိ သော်လည်းကောင်း၊ ၂၁ ရာစုအတွက် ပြင်ဆင်ထားပြီးဖြစ်၍ အထက်တန်းကျောင်းအောင်မြင်ရန် လမ်းကြောင်းပေါ်တွင်ရောက်ရှိနေမှုရှိမရှိတို့နှင့်စပ်လျဉ်းပြီး ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာဆရာမများကို တန်ဖိုးရှိသည့် အချက်အလက်များ ရရှိစေပါသည်။ ယင်းဆန်းစစ်အကဲဖြတ်စစ်ဆေးမှုရလဒ်များဖြင့် သင့်ကလေး၏ ပညာရေးပိုင်းတိုးတက်မှုရှိမရှိကို သိသာစေမည့် သက်သေခံကိုယ်ထည်တစ်ခုအား တိုင်းတာရန် ရည်ရွယ်သည်။

## ဤအကဲဖြတ်စစ်ဆေးမှုဆိုသည်မှာ အဘယ်နည်း။

PAST သို့မဟုတ် ပညာရေးဆိုင်ရာပင်ကိုစွမ်းရည်အား ပဏာမ စစ်ဆေးမှုဆိုသည်မှာ ဝိဇ္ဇာဘာသာရပ်များနှင့် သင်္ချာဘာသာရပ်များအတွက် နဝမနှင့် ဒသမတန်းတို့နှင့်ပတ်သက်သည့် ကိုလိုရာဒို ပြည်နယ် နှစ်ဆုံးအကဲဖြတ်စစ်ဆေးမှုတစ်ခု ဖြစ်သည်။ PAST ကို ကောလိပ်ဘုတ်အဖွဲ့မှ ဖန်တီးပြီး ကိုလိုရာဒိုပြည်နယ် ပညာရေးစံနှုန်းများနှင့်အညီပြုလုပ်ထားသည့်အပြင် စာဖတ်ခြင်း၊ ရေးသားခြင်း၊ ဘာသာစကားနှင့် သင်္ချာတို့၌ ကျောင်းသူ/သား၏ကျွမ်းကျင်မှုစံနှုန်းများကို တိုင်းတာပေးပါသည်။

နဝမတန်းကျောင်းသူ/သားတို့သည် PAST ၉ ကို ဖြေဆိုသည်။ ဒသမတန်းကျောင်းသူ/သားများသည် PAST ၁၀ ကို ဖြေဆိုသည်။ အောက်ပါဇယားကွက်သည် အတန်းလိုက်ဖြေဆိုခဲ့သော ပြည်နယ်အကဲဖြတ်စစ်ဆေးမှုကို ဖော်ပြပေးသည် -

| | |
|---|---|
| အတန်း ၃ - ၈ | ကိုလိုရာဒိုပြည်နယ် ပညာရေးအောင်မြင်မှု တိုင်းတာခြင်းများ (CMAS) |
| အတန်း ၉ | PAST ၉ |
| အတန်း ၁၀ | PAST ၁၀ |
| အတန်း ၁၁ | SAT ၊ CMAS သိပ္ပံ၊ CMAS လူမှုရေးဘာသာရပ်များ |

PSAT သည် ကိုလိုရာဒိုပြည်နယ် ၁၁ တန်းကျောင်းသူ/သား များဖြေဆိုသော အရေးပါသည့်ကောလိပ်ဝင်ခွင့်စာမေးပွဲဖြစ် သော SAT (ပညာရေးဆိုင်ရာ ပင်ကိုစွမ်းရည်စစ်ဆေးမှု) ကို ပြင်ဆင်နိုင်ရန် ကျောင်းသူ/သားများအား အထောက်အကူပြု ပါသည်။ ကောလိပ်ကျောင်းအများအပြားတွင် ကျောင်းသူ/သားများ လက်ခံရန်နှင့် ပညာသင်ဆုများပေးရန်အတွက် SAT ကို အသုံးပြုစဉ်ကတည်းက PSAT သည် ကောလိပ်တက်ရန်ပြင် ဆင်နေသောကျောင်းသူ/သားများအတွက် အဓိကလေ့ကျင့်ကား ထစ်တစ်ခု ဖြစ်လာသည်။ PSAT သည် မေးခွန်းများနှင့် ပုံစံအားဖြင့် SATနှင့် တူပါသည်။ PSAT တွင် ရရှိခဲ့သောအမှတ်များသည် အနာဂတ် SAT စွမ်းဆောင်ရည်ကို ကြိုတင်ပြောဆိုနိုင်သည်။

## ကျွန်ုပ်၏ကလေးအား မည်သည့်အချိန်တွင် စစ်ဆေးမှုပြုမည်နည်း။

PSAT ကို ဧပြီလတွင် ခဲတံ/စာရွက်ပုံစံဖြင့် စစ်ဆေးသွားမည် ဖြစ်သည်။ စစ်ဆေးမှုဖြေဆိုရန် ၃ နာရီခန့် ကြာမည်ဖြစ်သည်။ သင့်ကလေးအား စစ်ဆေးမည့်ရက်ကို အတိကျသိရှိရန် သင့်ကလေးကျောင်းအား ဆက်သွယ်ပါ။

## ကျွန်ုပ်ကလေးမှ မည်သည့် ရမှတ်(များ)ကို ရရှိမည်နည်း။

ကျောင်းသူ/သားများသည် ရမှတ် ၃၂၀ နှင့် ၁၅၂၀ ကြား ရရှိမည်ဖြစ်သည်။ ဤရမှတ်သည် သင်္ချာကဏ္ဍ၊ အဖတ်နှင့် အရေးကဏ္ဍတို့ရှိ ကျောင်းသူ/သား၏ပေါင်းစည်းထားသောတိုးတက်မှုရမှတ်ကို ကိုယ်စားပြုသည်။ ရမှတ်များကို ကျောင်းသူ/သားများ၏မှတ်တမ်းတွင် ထည့်သွင်း သွားမည်မဟုတ်ပါ။ ယင်းတို့ကို ပညာသင်နှစ်မကုန်ဆုံးမီ ကျောင်းသူ/သားများကို ပေးပို့သွားမည်ဖြစ်သည်။

## ယင်းရမှတ်များအား မည်သို့ အသုံးပြုမည်နည်း။

PSAT နှင့် SAT ကို ညွှန်ကြားချက်များအား အသိပေးရန်၊ ကျောင်းသူ/သားများသည် အတန်းအဆင့်မျှော်မှန်းချက်များနှင့် ကိုက်ညီမှုရှိရန်၊ ကောလိပ်ပညာရေးအတွက် လမ်းကြောင်းမှန်သို့ ရောက်ရှိရန်၊ ဆရာ/မများ ကြားဝင်ဆောင်ရွက်ပေးနိုင်ရန်အတွက် အတိတ်တွင် ကျရှုံးခဲ့သည့်များကို ဖော်ထုတ်ရန်နှင့် AP သင်ခန်းစာအတွက် အသင့်အနေအထားရှိနေသော ကျောင်းသူ/သားအညွှန်းကိန်း ကို ထောက်ပံ့ပေးရန် ကြံရွယ်ထားပါသည်။ ကျောင်းသူ/သား၏ရမှတ်များကို အဆင့်သတ်မှတ်မည်မဟုတ် သလို ကောလိပ်မှတ်တမ်းတွင်လည်း ထည့်သွင်းသွားမည် မဟုတ်ပါ။

## ? နောက်ထပ်အချက်အလက်များ လိုအပ်ပါသလား

သင့်ကလေးပညာရေးတွင် ပါဝင်ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့မှ သင့်အား တိုက်တွန်းလိုပါသည်။ သင့်ကလေးအား အိမ်တွင်အထောက်အကူပြုပေးနိုင်မည့် နည်းလမ်းများသိရှိလိုလျှင်ဖြစ်စေ၊ မသန်စွမ်းမှုအတွက် စစ်ဆေးမှုဆိုင်ရာ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ပေးမှုများ ရရှိနိုင်မှုတို့အကြောင်း သိရှိလိုလျှင်ဖြစ်စေ သင့်ကလေးဆရာနှင့် ဆွေးနွေးရန် မတုံ့ဆိုင်းပါနှင့်။

**နောက်ထပ်အချက်လက်များ - အကဲဖြတ်စစ်ဆေးမှုများ**

ဝင်ရောက်ရန် -

- http://assessments.dpsk12.org
- http://parents.collegeboard.org

**အရင်းအမြစ်များ- PSAT နှင့် SAT**

SAT အသစ်အတွက် နေ့စဉ်လေ့ကျင့်မှု | ကောလိပ် ဘုတ်အဖွဲ့

- နမူနာမေးခွန်းများကို နေ့စဉ်ရယူပြီး ချက်ချင်းတုံ့ပြန်မှုများကို ရယူပါ။
- ကျောင်းသူ/သားများအား ပုံမှန်အခြေခံလေ့ကျင့်မှုအတိုင်း လေ့ကျင့်ရန် ခွင့်ပြုထားပါ။
- ကျောင်းသူ/ကျောင်းသားများသည် ပရင့်ထုတ်ထားသောအဖြေ စာရွက်များကို အသုံးပြု၍ PSAT သို့မဟုတ် SAT လေ့ကျင့် စစ်ဆေးမှုများကို ဖြေဆိုနိုင်ပါသည်။ ထို့နောက် ဓါတ်ပုံရိုက်ပြီး စကင်ဖတ်ခြင်းနှင့် ရမှတ်ကဏ္ဍကို အသုံးပြုပါ။

တရားဝင် SAT လေ့ကျင့်ခန်း | Khan အကယ်ဒမီ

- ကျောင်းသူ/သားအနေဖြင့် အကောင့်တစ်ခုနှင့် ဝင်ရောက်ပြီး ၎င်းတို့၏ PSAT နှင့် SAT ရမှတ်များကိုအခြေခံသည့် တိုးတက်မှု အတွက် တစ်ဦးချင်းစီအလိုက်စီစဉ်ထားသောအကြံပြုချက်များ ကို ရယူပါ။
- အချိန်ပြည့်လေ့ကျင့်စစ်ဆေးမှုများ၊ ထူးခြားသောပဟေဠိများ၊ နေ့စဉ်လေ့ကျင့်ရေးမေးခွန်းများနှင့် သီးသန့်စစ်ဆေးမှုနယ်ပယ် များအတွက် ရည်ရွယ်ထားသော ပြင်ဆင်ရေးအရင်းအမြစ်များ သည် Khan အကယ်ဒမီ ဝက်ဘ်ဆိုဒ်- https://www.khanacademy.org/mission/sat မှတစ်ဆင့် အခမဲ့ရယူနိုင်ပါသည်။

PSAT လေ့ကျင့်ခန်း | ယောက်ျားလေး & မိန်းကလေးအသင်း

- ကျွန်ုပ်တို့သည် ဝင်ငွေနည်းပါးသောကျောင်းသူ/သားများ အွန်လိုင်း SAT နှင့် PSAT အရင်းအမြစ်များနှင့် ချိတ်ဆက်လာ ရန်အတွက် ယောက်ျားလေး & မိန်းကလေးအသင်းနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။

စစ်ဆေးမှုများနှင့်စပ်လျဉ်းပြီး သင့်တွင် မေးခွန်းများ သို့မဟုတ် စိုးရိမ်စရာများရှိပါက သင့်ကလေးကျောင်းသို့ တိုက်ရိုက် ဆက်သွယ်ပါ သို့မဟုတ် (720)423-3054 သို့ခေါ်ဆိုပြီး မိသားစုများအတွက် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုဌာနသို့ သို့ဆက်သွယ်ပါ။